MTI

Myanmar Technologies
And Investment Corporation

ANNUAL REPORT 2025-2026

www.mti.com.mm

Contents

01 CORPORATE PROFILE

02 CHAIRMAN'S PREFACE

05 BOARD OF DIRECTORS AND CEO

10 ACTIVITIES

21 PRODUCTS

ANNUAL REPORT
2025-2026

CORPORATE PROFILE

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံတိုးတက်ရန်လိုအပ်သည့်အနက် ၂၁ ရာစုတွင် အဓိက ယှဉ်ပြိုင်စွမ်းအားဖြစ်စေမည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ကဏ္ဍသည် လွန်စွာအရေးပါသည့် အခန်းကဏ္ဍအဖြစ် ရပ်တည်နေပါသည်။ ထိုကဲ့သို့အရေးပါသော အိုင်စီတီကဏ္ဍအား အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ အပြည့်အဝ အသုံးချနိုင်စေရန်အတွက် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ရှိရန်လိုအပ်ပါသည်။

မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်၊ Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) အား ကုမ္ပဏီမှတ်ပုံတင်အမှတ် (၃၄၉၃/၂၀၁၂-၂၀၁၃) ဖြင့် ၂၀၁၂ ခုနှစ်၊ နိုင်ဝင်ဘာလ (၂၆) ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၂၀၁၇ အရ MYCO တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၇၃၈၀၀၆၈) ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပါသည်။ MTI သည်မြန်မာနိုင်ငံရှိအိုင်စီတီကဏ္ဍကို ဦးဆောင်လျက်ရှိသော ပြည်တွင်းမှ ပညာရှင်နှင့်လုပ်ငန်းရှင် (၈၆) ဦး ပူးပေါင်း၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

MTI အများပိုင်ကုမ္ပဏီသည် အိုင်စီတီကဏ္ဍမှတစ်ဦးတစ်ယောက်(သို့မဟုတ်)လူတစ်စုအတွက် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ အိုင်စီတီကဏ္ဍမှ လုပ်ငန်းရှင်နှင့်ပညာရှင်များအားလုံးကိုယ်စားပြု၍ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ၊ ကနဦးတည်ထောင်သူများအားလုံးအတွက်သာမကပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများနှင့် ပြည်တွင်းမှအခြားစိတ်ပါဝင်စားသူ မည်သူကိုမဆို အစုရှယ်ယာများအား ဖိတ်ခေါ်ရောင်းချသွားရန်ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံ၏ လိုအပ်နေသော ဆက်သွယ်ရေးအခြေခံအဆောက်အအုံကောင်းများ ပံ့ပိုးဖြည့်တင်းရန်နှင့် ပြည်သူလူထု၏လိုလားချက်ဖြစ်သည့် စျေးနှုန်းမှန်ကန်သက်သာပြီး အဆင့်မြင့်သောဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများရယူကာ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ နောက်ဆုံးပေါ်နည်းပညာများကို ပြည်တွင်းသို့သယ်ဆောင်နိုင်ပြီး၊ ပြည်တွင်းရှိပညာရှင်များနှင့် အခြေခံလူတန်းစားများအတွက်လည်းအလုပ်အကိုင်အခွင့်အလန်းများ များစွာပေါ်ထွန်းစေမည်ဖြစ်ပါသည်။ MTI အများပိုင်ကုမ္ပဏီ၏ မူလရည်မှန်းချက်များဖြစ်သည့် -

၁။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အိုင်စီတီဖြင့်အထောက်အကူပြုနိုင်ရေး၊

၂။ ယင်းသို့အထောက်အကူပြုရာတွင် အိုင်စီတီကဏ္ဍအခြေခံအဆောက်အအုံကောင်းများ ပံ့ပိုးဖြည့်တင်းဆောင်ရွက်ရာတွင်ပါဝင်ရေး၊

၃။ ပြည်သူတစ်ရပ်လုံးအနေဖြင့် အိုင်စီတီကဏ္ဍနှင့် ပိုမိုအကျွမ်းဝင်ပြီး စျေးနှုန်းသက်သာသော အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုများပေးနိုင်ရေး၊

စသည့်ရည်မှန်းချက်များအတိုင်း ဖြစ်မြောက်အောင်မြင်ရေးကို တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

CHAIRMAN's PREFACE

လေးစားအပ်ပါသော အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

ကျွန်တော်များ မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီ (MTI) သည် နှစ်စဉ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးများကျင်းပလာခဲ့သည်မှာ ယခုအကြိမ်ဆိုပါလျှင် (၁၃) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး ကုမ္ပဏီ၏ သက်တမ်းသည်လည်း (၁၄) နှစ် နီးပါးကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ အများပိုင်ကုမ္ပဏီတစ်ခုအနေဖြင့် စိန်ခေါ်မှုများကြားမှ ယနေ့ထိတိုင် ရပ်တည်နိုင်ခဲ့သည်မှာ အစုရှယ်ယာရှင်များရဲ့ ပံ့ပိုးကူညီမှု၊ စိတ်ရှည်သည်းခံမှုများကြောင့်လို့ ဦးစွာပြောကြားလိုပါသည်။

MTI အများပိုင်ကုမ္ပဏီသည် ယခုအခါ အစုရှယ်ယာစုစုပေါင်း (၄၆၆,၈၅၂) စု၊ မတည်ရင်းနှီးငွေပမာဏ (Paid up Capital) မှာ (၆.၀၄၆) ဘီလီယံကျပ်ကျော်ရှိပြီး၊ ယနေ့အထိ မိမိတို့ရင်းနှီးမြှုပ်နှံခဲ့သည့်လုပ်ငန်းများ၏ ပကတိတန်ဖိုး ကိုတွက်ချက်ရာ (၁၀.၉၉၃) ဘီလီယံကျပ်ကျော်ရှိသည်ကိုတွေ့ရှိကြရမှာပဲဖြစ်ပါသည်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီက အဓိကရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများထဲတွင် Myanmar Payment Solution Services Co., Ltd. (MPSS) သည် ၂၀၁၄ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး Octoverse ဆိုသည့် Mobile Payment Gateway တစ်ခုကိုတည်ထောင်ကာ Payment Gateway Platform ပေါ်မှ အဆင်ပြေချောမွေ့စွာဖြင့် ဘဏ်များနှင့်ချိတ်ဆက်ပြီး ဝန်ဆောင်မှုများပေးလျှက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်မှ စတင်၍ MPSS သည် Fintech နှင့် သက်ဆိုင်သော Application နှင့် System Development လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် Financial Organization များအတွက် လိုအပ်သော System များအပြင် MPSS ၏ လုပ်ငန်းစဉ်များ ပိုမိုထိရောက်ကောင်းမွန်စေရန် ကုမ္ပဏီအတွင်း အသုံးပြုမည့် Internal System များကိုလည်း စနစ်တကျ အကောင်အထည်ဖော် ရေးဆွဲလျက်ရှိပါသည်။

ထို့အပြင် ကုမ္ပဏီအတွင်းအသုံးပြုနေသော System များအား လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ပိုမိုပြည့်စုံပြီး Mature ဖြစ်လာစေရန် ဆက်လက်တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ System များ၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်နှင့် အဆင်သင့်ဖြစ်မှုအပေါ် မူတည်၍ နောင်တွင် Market အတွင်းသို့ Commercial Product အဖြစ် ထုတ်ဝေခြင်း၊ Subscription Plan များဖြင့် ဝန်ဆောင်မှုပေးခြင်းနှင့် အခြား Business Model များဖြင့် စီးပွားဖြစ် အသုံးချနိုင်ရေးတို့အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ Digital Transformation နှင့် System Development လိုအပ်ချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်များကို တိုးမြှင့်ပြင်ဆင်လျက်ရှိပြီး၊ သင့်လျော်သော System Development နှင့် Technology Solution လုပ်ငန်းများ ရရှိ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။ MTI အများပိုင် ကုမ္ပဏီသည် Myanmar Payment Solution Services (MPSS) တွင် အစုရှယ်ယာ ၂၉.၅၈ % ပိုင်ဆိုင်ပါသည်။

MTSH အများပိုင်ကုမ္ပဏီသည် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် မြန်မာပုဂ္ဂလိက ကဏ္ဍ၏ ပါဝင်ဆောင်ရွက်မှုကို ကိုယ်စားပြုရန် ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မေလတွင် Yangon Stock Exchange (YSX) ၌ ဒုတိယမြောက် Listed လုပ်နိုင်ခဲ့ပါသည်။ စတင်ရင်းနှီးမြှုပ်နှံခဲ့စဉ်က ကျွန်တော်များ MTI

အများပိုင်ကုမ္ပဏီသည် (၅ %) နှင့် ညီမျှသော ကျပ် (၁.၉၅) ဘီလီယံအား ထည့်ဝင်ခဲ့ပါသည်။ နှစ်စဉ် အမြတ်ဝေစုများ ခွဲဝေ ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကျွန်တော်များ MTI ကုမ္ပဏီအနေဖြင့် ကျပ်ငွေ **၇.၁၁၄၄** ဘီလီယံကျပ်ကျော် ရရှိခဲ့ပြီးဖြစ်ပါသည်။ MTSH ၏ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် Thilawa Property Development Limited (TPD) သည် သီလဝါအထူးစီးပွားရေးဇုန် ZONE A ရှိ Thilawa Garden City (R & C Area) အတွင်း၌ (3.37 မဂ္ဂါဝပ်) နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရေး ကနဦးစီမံကိန်းကို ၂၀၂၆ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် အောင်မြင်စွာစတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ MTSH ၏ ဖက်စပ်ကုမ္ပဏီဖြစ်သော Myanmar Japan Thilawa Development Ltd (MJTD) သည်လည်း သီလဝါ SEZ တွင် လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအတွက် စီးပွားဖြစ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုကို (၅.၄) မဂ္ဂါဝပ်အထိ တိုးမြှင့်နိုင်ခဲ့သည့်အပြင် စုစုပေါင်း (၁၀) မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်လျှက်ရှိသည်ဟု ကြားသိရပါသည်။ MTSH နှင့်ဆက်စပ်သည့် ကုမ္ပဏီအုပ်စုအနေဖြင့် သိသာထင်ရှားသော ဘဏ္ဍာရေးဆိုင်ရာ တိုးတက် ကောင်းမွန်မှုများရှိခဲ့ရာ စုစုပေါင်းအမြတ် (Gross Profit) သည် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၄ % တိုးတက်လာကာ မြန်မာကျပ်ငွေ (၇,၁၈၁) သန်းအထိလည်းကောင်း၊ လုပ်ငန်းလည်ပတ်မှုအမြတ် (Operating Profit) သည် ၅၉ % အထိ မြင့်တက်လာကာ မြန်မာကျပ်ငွေ (၁၀,၇၈၂) သန်းအထိလည်းကောင်း၊ တိုးတက်လာခြင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် အမြတ်ငွေသည် (၆၁ %) အထိတိုးလာပြီး၊ (၇.၁) ဘီလီယံကျပ်အထိရှိကြောင်း၊ MTSH ၏ နှစ်ပတ်လည်အစီရင်ခံစာအရ သိရှိရပါသည်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

MTI ကုမ္ပဏီသည် Myanmar National Telecom Holding Public Co., Ltd. (MNTH) အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာ ၁၀.၇၆ % ပိုင်ဆိုင်ပါသည်။ MNTH သည် Myanmar National Telecom Infra Co., Ltd. (MNTI) ကို တည်ထောင်ကာ တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျှက်ရှိပါသည်။ တာဝါတိုင်ပေါင်း (၃၇၀) ရှိပြီး MNTI ၏ လစဉ် Revenue သည် (၁.၃) ဘီလီယံကျပ်ခန့်ရှိကာ ကုန်ကျစရိတ်များနုတ်လိုက်ပါက ကျပ်သန်း (၇၅၀) ကျော်ရှိသည်ဟု သိရှိရပါသည်။ တာဝါတိုင် (၂၀၀) ကျော်သည် ပါဝါအပြည့်ရရှိပြီး ယခုနှစ်အတွင်း နောက်ထပ် (၄) နှစ်ကျော် တိုင် (၉၀) အတွက် Co-Location ထပ်ရခြင်းကြောင့် တစ်လလျှင် ကျပ်သိန်း (၃,၀၀၀) ကျော် အပိုထပ်ဝင်သည်ဟုသိရှိရပါသည်။ ၂၀၂၆ နှစ်ကုန်ပါက (၁.၂) ဘီလီယံကျပ်ခန့်ရရှိမည်ဟု ခန့်မှန်းထားပါသည်။ အထွေထွေစရိတ်များ နုတ်ပြီးပါက တစ်လလျှင် ကျပ်သိန်း (၇,၀၀၀) ခန့် ကျန်မည်ဟု ခန့်မှန်းထားကြောင်းနှင့် ၎င်းပမာဏသည် တာဝါတိုင် Revenue ကိုသာ တွက်ထား ခြင်းဖြစ်သည်ဟု သိရှိရပါသည်။ MNTH မှ အစုရှယ်ယာဝင် ကုမ္ပဏီများအား ၂၀၂၇ ခုနှစ်အတွင်း အမြတ်ဝေစု ခွဲဝေပေးနိုင်ရေး ကြိုးပမ်းလျှက်ရှိကြောင်းလည်း ကြားသိရပါသည်။

ယခုအခါ Telecom Operator များထဲတွင် Mytel သည် No. 1 သို့ရောက်ရှိသွားပြီး၊ တစ်လလျှင် (၄၀) ဘီလီယံကျပ်ကျော် အမြတ်ရရှိကာ USD နှင့်တွက်မည်ဆိုပါက 1 million USD ခန့်ရှိပါသည်။ Shareholder Loan ဖြစ်သည့် (530) million USD ကို (၁၆) % ကျော်ပြန်လည်ပေးဆပ်ပြီးဖြစ်တာကြောင့် ကျန်ရှိသည့် (440) million USD ကို (၄) နှစ်နီးပါး ဆပ်ရန်ကျန်ရှိသည်ဟုလည်း ကြားသိရပါသည်။

Loyar Myanmar ကုမ္ပဏီကိုလည်း ယခင်က MTI အများပိုင်ကုမ္ပဏီ တစ်ခုတည်းကသာ ရင်းနှီးမြှုပ်နှံခဲ့ရာမှ Marketing ပိုင်းကို ထိထိရောက်ရောက် ထိုးဖောက်နိုင်ရန်ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လက စတင်ကာ MTI ၏

အစုရှယ်ယာရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် MTG နှင့်ပူးပေါင်းခဲ့ပါသည်။ ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် "လိုရာ" တစ်ခုတည်းသာရှိပြီး နေ့စဉ် ဆိုက်ရောက် (Arrival) နောက်ဆုံးခရီးစဉ်အချိန်အထိ "လိုရာ" Taxi များဖြင့် ဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။ ယခုနှစ် မိုးရာသီအကုန်မှ ၂၀၂၇ ခုနှစ် သင်္ကြန်အထိ Promotion ကာလ သတ်မှတ်ကာ လုပ်ဆောင်သွားရန်လည်း စီစဉ်လျှက်ရှိကြောင်း၊ ကြားသိရပါသည်။

ယခုအခါ MTI အများပိုင်ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများကို ရှာဖွေလျှက်ရှိရာ မကွေးတိုင်းဒေသကြီး မကွေးမြို့မှ (၁၅) မိုင်ခန့်အကွာအဝေးတွင် မြေလွတ်၊ မြေရိုင်း (၁၀၇) ဧကအား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံစီမံကိန်းအတွက် နှစ် (၃၀) လုပ်ပိုင်ခွင့်ရရှိရန်ကြိုးပမ်းလျှက်ရှိပါသည်။ MTI နှင့် ပူးပေါင်းဆောင်ရွက်မည့် တရုတ်နိုင်ငံမှ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် China Solar Project Investment Consortium နှင့်လည်း နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခဲ့ပါသည်။ ၂၀၂၆ ခုနှစ်အတွင်း ကျွန်တော်နှင့် MTI ၏ CEO တို့သည် မကွေးမြို့သို့ (၄)ကြိမ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တွေ့ဆုံခြင်း၊ နေပြည်တော်သို့ (၂) ကြိမ်၊ လျှပ်စစ်ဓါတ်အားစီမံခန့်ခွဲရေးဦးစီးဌာနမှ DG နှင့်တွေ့ဆုံခြင်း၊ စသည့်စီမံကိန်းအကောင်အထည်ဖေါ်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးတို့အတွက် သွားရောက်တွေ့ဆုံခဲ့ပါသည်။

ယခုအခါနိုင်ငံတော်အစိုးရက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်းရှိလူတိုင်း ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့်နည်းပညာများအား လက်လှမ်းမီအသုံးပြုနိုင်စေရန်၊ အစိုးရဝန်ဆောင်မှုများကို ပြည်သူများလွယ်ကူစွာရရှိစေနိုင်ရန်နှင့် အစိုးရဌာနအတွင်း လုပ်ငန်းစဉ်များခေတ်မီစေရန်၊ ဒီဂျစ်တယ်စနစ်များကိုအသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် စီးပွားရေးကဏ္ဍများတွင်လည်း ဒီဂျစ်တယ်နည်းပညာအားပိုမိုအသုံးပြုနိုင်စေရန်ဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး လုပ်ဆောင်လျှက်ရှိပါသည်။

MTI အများပိုင်ကုမ္ပဏီသည် MCF နှင့်ပူးပေါင်းပြီး Digital Transformation Hug (DTH) လုပ်ငန်းရပ်များ လုပ်ကိုင်နိုင်ရန် ဆွေးနွေးလျှက်ရှိပါသည်။ Digital Together သဘောမျိုးဖြင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှု (PPP) ဖြင့် ရေရှည်လက်တွဲလုပ်ဆောင်သွားရန် ရည်ရွယ်ပါသည်။ လိုအပ်ပါက ပြည်ပနည်းပညာကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန်ရည်ရွယ်ထားပါသည်။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် MCF မှတစ်ဆင့် နေပြည်တော်သို့ ကနဦးလုပ်ငန်းစတင်အကောင်အထည်ဖေါ် နိုင်မည့် အဆိုပြုလွှာအား တင်ပြခဲ့ပါသည်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ MTI အများပိုင်ကုမ္ပဏီသည် အနီးကပ်ဆုံးအနာဂတ်တစ်ခုမှာ အခွင့်အလမ်းကောင်းအချို့အတွက် ရင်းနှီးမြှုပ်နှံရန် ငွေကြေးလိုအပ်လျှက်ရှိနေပါသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် Rights Issue ရှယ်ယာများ ဝယ်ယူနိုင်ရေး ရှယ်ယာရှင်များအားလုံးသို့ အကြောင်းကြားခဲ့ပါသည်။ ၎င်း Rights Issue ရှယ်ယာများမှ ကျန်ရှိတဲ့ရှယ်ယာများကိုလည်း ရှယ်ယာရှင်လူကြီးမင်းများအနေဖြင့် ရပိုင်ခွင့် အခွင့်အလမ်းအား မဆုံးရှုံးစေရန် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် ဒါရိုက်တာအဖွဲ့မှ ရှယ်ယာရှင်များထံသို့ ထပ်မံဝယ်ယူနိုင်ရန် အသိပေးအကြောင်းကြားခဲ့ပါသည်။ ထပ်မံကျန်ရှိသည့် Rights Issue ရှယ်ယာများကိုတော့ ယခင် ခေါ်ယူထားသောတန်ဖိုးထက် မလျော့သောဈေးနှုန်းဖြင့် အစုရှယ်ယာရှင်မဟုတ်သည့် ပြင်ပမှစိတ်ဝင်စားသော ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသို့ ကြိုးစားညှိနှိုင်းရောင်းချနိုင်ရေး စီမံသွားမည်ဖြစ်ကြောင်း၊ ပြောကြားရင်းနိဂုံးချုပ်အပ်ပါသည်။

BOARD OF DIRECTORS AND CEO

ဦးထင်အောင်ခိုင်

Chairman

ဦးထင်အောင်ခိုင်သည် MTI အများပိုင်ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးထင်အောင်ခိုင်သည် ၁၉၉၉ ခုနှစ်တွင် တည်ထောင်သော အိုင်တီကုမ္ပဏီတစ်ခုဖြစ်သည့် Lucky Bird Co., ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာ တစ်ဦးဖြစ်ပြီး Hotel and Restaurant Management Solution, HP Large Format Printing Solution, Security Solution and Fleet Management လုပ်ငန်းများ၊ Toshiba Copier and POS များ အား ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းရပ်များနှင့် Engineering Services လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးထင်အောင်ခိုင်သည် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ နာယက၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်တွင် ဒုတိယဥက္ကဋ္ဌ ရာထူးတာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။

ဦးဇော်မင်းဦး

Board of Director

ဦးဇော်မင်းဦးသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးဇော်မင်းဦးသည် Myanmar Technology Gateway Co., Ltd.၏ အုပ်ချုပ်မှုဒါရိုက်တာ၊ Myanmar National Telecom Holdings Public Co., Ltd. (MNTH) ၏ အမှုဆောင်အရာရှိချုပ်နှင့် Barons Tele-Link Co., Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ ICT Solutions, Telecoms Equipment Provider, System Integration, .mm Domain Registrar, Web Development လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးဇော်မင်းဦးသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တွင် ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ဦးမင်းဦး

Board of Director

ဦးမင်းဦးသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့်အပြင် Finance Director တစ်ဦးလည်းဖြစ်ပါသည်။ ဦးမင်းဦးသည် Myanmar Thilawa SEZ Holdings Public Limited (MTSH) ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။ MTI က ရင်းနှီးမြှုပ်နှံထားသည့် Myanmar Payment Solution Services Co., Ltd. (MPSS) တွင်လည်း Managing Director တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

ဦးမင်းဦးသည် ယခုအခါ Myanmar Business Executive Association (MBE) တွင် President ၊ Myanmar Computer Professionals Association (MCPA) တွင် Vice President နှင့် Myanmar Computer Federation (MCF) တွင် ဗဟိုအလုပ်အမှုဆောင်တာဝန်များကိုလည်း ထမ်းဆောင်လျှက်ရှိပါသည်။

ဦးမျိုးမြင့်ထွန်း

Board of Director

ဦးမျိုးမြင့်ထွန်းသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူသည် Royal Ayeyarwaddy Co., Ltd. ၏အုပ်ချုပ်မှုဒါရိုက်တာ၊ Royal Thalwin Int'l Trading Co., Ltd. ၏ ဒါရိုက်တာနှင့် Alpha Power Engineering Co., Ltd. ၏ တည်ထောင်သူ ဒါရိုက်တာတစ်ဦးဖြစ်ပြီး Computer and ICT products Importer and Distributor (Sole distributors for: View Sonic, pqi, Nippon, Nippon POS, Seagate Hard Disk, Aopen), Authorized Computer Service Center. ICT Products and Services Provider to Government Tenders, Electrical Installation and Services, Turnkey solution provider to Government Projects, Electrical Products Importer and Distributor လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးမျိုးမြင့်ထွန်းသည် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အလုပ်အမှုဆောင်ရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ဦးအောင်အောင်

Board of Director

ဦးအောင်အောင်သည် Ahter Oo Co., Ltd. ၏ စတင်တည်ထောင်သူတစ်ဦးဖြစ်ပြီး၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB)၊ Proven Technology Industry Co., Ltd. နှင့် Myanmar Payment Solution Service Co., Ltd. (MPSS) ၏ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ IT Solution Consultation, Home and Office Security and Monitoring Solution Provider, Software Solution Services လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ယခုလက်ရှိတွင် SAP Support and Services, iDS-Hotel Management Solution, HR Solution, Micro Finance Platform နှင့် Customized Software and System Development စသည့် ဝန်ဆောင်မှုများကိုလည်းပေး လျက်ရှိပါသည်။

ဦးအောင်အောင်သည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) တွင် စာရင်းစစ်(၁) ရာထူးတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ဦးစိုးထွဋ်

Board of Director

ဦးစိုးထွဋ်သည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးစိုးထွဋ်သည် Precision Focus Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ Precision Focus Co., Ltd. သည် Smart Card Systems, Power Conditioning, Systems, Solar Power Systems and Industrial Automation Systems စသည့် နည်းပညာနှင့်ပတ်သက်သည့် Business Solution လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးစိုးထွဋ်သည် ၁၉၉၈ ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ B.E (Electronic) ဘွဲ့ကို ရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ MBA စီးပွားရေးမဟာပညာဘွဲ့ကိုရရှိခဲ့ပါသည်။ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတွင် တွဲဘက်အတွင်းရေးမှူး တာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။

ဦးအောင်စိုးမိုး

Board of Director

ဦးအောင်စိုးမိုးသည် ကွန်ပျူတာစနစ်များရေးသားတည်ဆောက်ခြင်းနှင့် အီလက်ထရောနစ်အင်ဂျင်နီယာ ပညာရပ်များကို ကွန်ပျူတာတက္ကသိုလ် (Institute of Computer Science and Technology – NCC Program) နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) တို့တွင် တက်ရောက်လေ့လာဆည်းပူးခဲ့ပါသည်။ Social Protection ကဏ္ဍပိုင်းဆိုင်ရာ အများပြည်သူပင်စင်စနစ်နှင့် လူမှုဖူလုံရေးစနစ်များအတွက် ကွန်ပျူတာစနစ်များတည်ဆောက်ခြင်းဆိုင်ရာ သင်တန်းများကို ထိုင်းနိုင်ငံ ချူလာလောင်ကွမ်းတက္ကသိုလ်နှင့် အီတလီနိုင်ငံ ITC-ILO (International Training Center – International Labor Organization) သင်တန်းကျောင်းတို့တွင် တက်ရောက် လေ့လာခဲ့ပါသည်။

၁၉၉၅ ခုနှစ်မှစတင်၍ ကွန်ပျူတာသင်တန်းများဖွင့်လှစ်သင်ကြားခြင်း၊ ကွန်ပျူတာစနစ်များရေးသား တည်ဆောက်ပေးခြင်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မေလ (၁)ရက်နေ့တွင် Assembler Computer Center ကို စတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် ကွန်ပျူတာသင်တန်းများဖွင့်လှစ်သင်ကြားခြင်း၊ နည်းပညာဆိုင်ရာ ဟောပြောပွဲများနှင့် ပြန့်ပွားရေးဆောင်ရွက်ခြင်း၊ ICT စီမံကိန်းများတည်ဆောက်ပေးခြင်း စသောလုပ်ငန်းများတွင် ဦးစီးလုပ်ကိုင်လျှက်ရှိပါသည်။

ဦးအောင်စိုးမိုးသည် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း၏ နာယက၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တွင် ဗဟိုအလုပ်အမှုဆောင် စသည့်လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။

ဦးမင်းဆွေလှိုင်

Board of Director

ဦးမင်းဆွေလှိုင်သည် Bachelor of Degree in Computing and Information system (B. C. I. S) ဘွဲ့ကို London Metropolitan University (UK) မှ ရရှိခဲ့ပါသည်။ ၎င်းနောက် Master of Management in Organization Development ဘွဲ့ကို ထိုင်းနိုင်ငံ Assumption University မှ ထပ်မံရရှိခဲ့ပါသည်။ ယခုအခါ ထိုင်းနိုင်ငံ Assumption

University မှ Organization Development ဘာသာရပ်ဖြင့် Ph.D. ဘွဲ့ရရှိရန်ကြိုးစားလျှက်ရှိပါသည်။ ဦးမင်းဆွေလှိုင်သည် ၂၀၀၂ ခုနှစ်ကတည်းကစတင်ပြီး Telecom, Media and Technology (TMT) sector, များတွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်အဖြစ်ဝင်ရောက်လာကာ Telecom and Digital Infrastructure Development, Digital Media and Content Development နှင့် Cloud Computing and Internet of Things (IoT). အစရှိသည့် နည်းပညာဆိုင်ရာလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ပါသည်။

ဦးမင်းဆွေလှိုင်သည် Great Parami Co.,Ltd. ၏ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး၊ Yangon Cyber Park Development Company နှင့် Yatanarpon Teleport Public Company Ltd. တို့တွင် ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

ဦးမျိုးမင်းဦး

Chief Executive Officer

ဦးမျိုးမင်းဦးသည် MTI အများပိုင်ကုမ္ပဏီ၏ Chief Executive Officer တစ်ဦးဖြစ်ပါသည်။ ဦးမျိုးမင်းဦးသည် Discovery Digital Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး Computer Sale and Services, Computer Maintenance & Services for Ministries, Government Departments, NGOs, other private companies and associations လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးမျိုးမင်းဦးသည် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် တို့တွင် Vice President ရာထူးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။

AITIVITIES

12th Annual General Meeting



MTI အများပိုင်ကုမ္ပဏီ၏ (၁၁)ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၁၀) ရက် နေ့တွင် MICT Park, Main Building, Conference Hall ၌ကျင်းပပြုလုပ်ရာ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစုရှယ်ယာရှင်လူကြီးမင်းများတက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် လက်ရှိ BOD (၉) ဦးမှ အလှည့်ကျသည့်သူ (၃) ဦးနုတ်ထွက်ခဲ့ပါသည်။ ၎င်း (၃) ဦးမှ (၂)ဦးက ဒါရိုက်တာအဖြစ် ပြန်လည်ရွေးကောက်ခံရန် အဆိုပြုလွှာတင်သွင်းခဲ့ပါသည်။ အစုရှယ်ယာရှင်များထဲမှ BOD အဖြစ် ရွေးကောက်ခံရန် အဆိုပြုလွှာတင်သွင်းခဲ့သူ တစ်ဦးနှင့် စုစုပေါင်း ရွေးကောက်ခံမည့် ဒါရိုက်တာ (၃) ဦးသာရှိပါသည်။ နုတ်ထွက်သူ (၃)ဦး၊ ရွေးကောက်ခံရန် (၃)ဦး ဖြစ်သည့်အတွက် မဲပေးရွေးချယ်ရန်မလိုအပ်ဘဲ ၎င်း (၃)ဦးကိုသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာများအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

Land Measuring & Survey (Magway Solar Project)

Magway Solar Project အတွက်ရရှိထားသောမြေနေရာသည် မကွေးမြို့၏အရှေ့ဘက် (၁၅) မိုင်ခန့်နှင့် ကန်ဦးကျေးရွာ၏ မြောက်ဘက် (၂) မိုင်ခန့်တွင်တည်ရှိပါသည်။ မြေနေရာ၏ တည်နေရာအကျယ်အဝန်းအား MTI အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌနှင့် မကွေးမြို့မြေတိုင်းဦးစီးဌာနမှ မြေတိုင်းစာရေးများပါဝင်သည့်အဖွဲ့တို့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ကွင်းဆင်းပြီး မြေနေရာအကျယ်အဝန်းအား GPS အမှတ်အသားများ၊ မြေပြင် အမှတ်အသားများပြုလုပ်ပြီး၊ တိုင်းတာခဲ့ရာ (၁၀၇) ဧက ရှိကြောင်းတွေ့ရှိရပါသည်။

Appointment with Magway Chief Minister

MTI အများပိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့်အဖွဲ့၊ Solar Project အားရင်းနှီးမြှုပ်နှံမည့် တရုတ်နိုင်ငံ Global Business Intelligence Consulting Corp မှအဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး စီမံကိန်းအကောင်အထည်ဖော်မည့်ကိစ္စရပ်များအား တင်ပြခဲ့ပါသည်။ ဝန်ကြီးချုပ်က မြေစာရင်းဦးစီးဌာနနှင့်လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းကိစ္စရပ်များ မြန်ဆန်ချောမွေ့စေရန်မှာကြားခဲ့ပါသည်။ ၎င်းနောက် ရင်းနှီးဖော်ရွေစွာဖြင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။

Visited Minbu Solar Plant and Kan-Oo site

ဆက်လက်ပြီး MTI အများပိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့်တရုတ်ဧည့်သည်အဖွဲ့ဝင်များသည် မင်းဘူးမြို့နယ်ရှိ GEP နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံနှင့် MTI က Solar Project တည်ဆောက်မည့် ဂျုတ်ကုန်း ကျေးရွာအုပ်စု ကန်ဦးကျေးရွာအနီးရှိ မြေနေရာသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

Breakfast Meeting

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် MTI အစုရှယ်ယာရှင်များအား Yoon Kitchen (Kandawgyi) သို့ ဖိတ်ကြားကာ Digital Transformation Hub (DTHub) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်သည့်ကိစ္စရပ်များကိုတင်ပြပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

Meeting with Professor Mr. John CHOI (MarkAny)

Digital Transformation Hub (DTH) လုပ်ငန်းရပ်များလုပ်ဆောင်ရာတွင် ပြည်သူများသို့ ဝန်ဆောင်မှုပေး သည့်လုပ်ငန်းရပ်များနှင့်ပတ်သက်ပြီး ကိုရီးယားနိုင်ငံမှ Professor Mr. John CHOI နှင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် MTI အများပိုင်ကုမ္ပဏီရုံးခန်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

Transmission Line survey

၂၀၂၆ ခုနှစ်၊ ဇုလိုင်လ (၂၀) ရက်နေ့တွင် MTI အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌနှင့် တရုတ်နိုင်ငံ Global Business Intelligence Consulting Corp မှအဖွဲ့ဝင်များသည် မကွေး Solar Project အတွက် Transmission Line သွယ်တန်းရေးအတွက်ကိစ္စရပ်များအား မကွေးတိုင်း လျှပ်စစ်ဓါတ်အားစီမံကိန်းဦးစီးဌာနမှ ဦးရဲဝဏ္ဏ (DE) နှင့် တွေ့ဆုံပြီး အကြံပြုချက်များရယူကာ ဓါတ်အားလိုင်းသွယ်တန်းနိုင်ရေး ကွင်းဆင်း၍ Transmission Line Survey လုပ်ဆောင်ခဲ့ကြပါသည်။

Business Meeting at MTI

၎င်းနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး (၂၂-၀၇-၂၀၂၆) နေ့တွင် တရုတ်နိုင်ငံ Global Business Intelligence Consulting Corp မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် MTI အများပိုင်ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

Myanmar Thilawa SEZ Holding Public Limited (MTSH)

ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင်ချမှတ်ခဲ့သည့်ရည်မှန်းချက်များနှင့်အညီ MTSH ၏ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် Thilawa Property Development Limited (TPD) သည် သီလဝါအထူးစီးပွားရေးဇုန် ZONE A ရှိ Thilawa Garden City (R & C Area) အတွင်း၌ (3.37 မဂ္ဂါဝပ်) နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး ကနဦးစီမံကိန်းကို ၂၀၂၆ ခုနှစ် မေလ (၃၁) ရက်နေ့တွင် အောင်မြင်စွာစတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းစီမံကိန်းများစွာ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဟုလည်းကြားသိရပါသည်။ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်၏ လျှပ်စစ်ဓါတ်အားလိုအပ်ချက် တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အပြင် R & C စီမံကိန်းအတွင်းရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည့် အခြေခံအဆောက်အဦများ၊ ဟိုတယ်နှင့် ရုံးခန်းများ၊ ဆိုင်ခန်းများနှင့် လူနေအဆောက်အဦများ Dormitory များသို့ လျှပ်စစ်ဓါတ်အားပေးနိုင်ခဲ့ ပြီဖြစ်ပါသည်။ ၎င်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှရရှိသည့် ဝင်ငွေများ (Service Income) မှလည်း နှစ်စဉ်ထိုက်သင့်သော အကျိုးအမြတ်များ စတင်ရရှိမည်ဖြစ်ကြောင်းလည်းသိရှိရပါသည်။ ရှေ့ဆက်၍လည်း သီလဝါအထူးစီးပွားရေးဇုန်အပြင် အခြားသောပြည်တွင်းစက်မှုဇုန်များနှင့် စက်မှုကဏ္ဍများ၏ လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းများကို တိုးချဲ့ဆောင်ရွက်လျှက်ရှိပြီး၊ ၎င်းမှတစ်ဆင့် ထိုက်သင့်သောဝင်ငွေရလမ်းကြောင်းသစ်များ တိုးတက်ဖန်တီးသွားရန် ရည်ရွယ်ထားကြောင်းလည်း သိရှိရပါသည်။

MTSH ၏ ဖက်စပ်ကုမ္ပဏီဖြစ်သော Myanmar Japan Thilawa Development Ltd (MJTD) သည် သီလဝါ SEZ တွင် လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအတွက် စီးပွားဖြစ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုကို (၅.၄) မဂ္ဂါဝပ်အထိ တိုးမြှင့်နိုင်ခဲ့သည့်အပြင် ၂၀၂၆ ခုနှစ် ဧပြီလတွင်လည်း (၂) မဂ္ဂါဝပ် ထပ်မံတိုးချဲ့နိုင်ခဲ့ပြီး စုစုပေါင်း (၁၀) မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်လျှက်ရှိသည်ဟုလည်း ကြားသိရပါသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းသို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဝင်ရောက်လျှက်ရှိသည်ကိုလည်း ကြားသိနေရပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း MJTD သည် စက်ရုံတည်ဆောက်ရင်းနှီးမြှုပ်နှံသူများနှင့် မြေဧရိယာ (၃.၉) ဟက်တာ (၉.၆၄ ဧက) အတွက် နှစ်ရှည်မြေငှားရမ်းမှုများ ဝင်ရောက်လာသည့်အပြင် ဆက်လက်ညှိနှိုင်းလျှက်ရှိသည့်ကုမ္ပဏီများလည်းရှိပါသည်။ ထပ်မံဝင်ရောက်ရင်းနှီးမြှုပ်နှံမည့်ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအတွက် ချက်ချင်းဝင်ရောက်တည်ဆောက်ရင်းနှီးမြှုပ်နှံရန် အခြေခံအဆောက်အဦများ အရံသင့်ရှိထားပြီးဖြစ်သော မြေ (၂၇.၃၄) ဟက်တာ (၆၇.၅၆ ဧက) အတွက် Infrastructure များအရံသင့် တည်ဆောက်ထားပြီးဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များကိုလည်း စဉ်ဆက်မပြတ်ဖိတ်ခေါ် ဆွေးနွေးလျှက်ရှိကြောင်းလည်း ကြားသိရပါသည်။

MTSH နှင့်ဆက်စပ်သည့် ကုမ္ပဏီအုပ်စုအနေဖြင့် သိသာထင်ရှားသော ဘဏ္ဍာရေးဆိုင်ရာ တိုးတက်ကောင်းမွန်မှုများရှိခဲ့ရာ စုစုပေါင်း အမြတ် (Gross Profit) သည် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၄ % တိုးတက်လာကာ မြန်မာကျပ်ငွေ (၇,၁၈၁) သန်းအထိလည်းကောင်း၊ လုပ်ငန်းလည်ပတ်မှုအမြတ် (Operating Profit) သည် ၅၉ % အထိမြင့်တက်လာကာ မြန်မာကျပ်ငွေ (၁၀,၇၈၂) သန်း အထိလည်းကောင်း၊ တိုးတက်လာခြင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် အမြတ်ငွေသည် (၆၁ %) အထိတိုးလာရာ (၇.၁) ဘီလီယံကျပ်အထိ ရှိကြောင်း၊ သိရှိရပါသည်။

MTSH သည် မူလစတင်တည်ထောင်စဉ် ၂၀၁၄ ခုနှစ်က MTI အများပိုင်ကုမ္ပဏီအပါအဝင် အများပိုင်ကုမ္ပဏီကြီး (၉) ခု၏ ရှယ်ယာပါဝင်မှု မူလ (၄၅ %) မှ ယခုအခါ (၂၁.၉၃ %) သို့ လျော့နည်းခဲ့ပြီး၊ အများပြည်သူ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ (၇၈.၀၇ %) အထိတိုးတက်လာခဲ့ပြီး နှစ်စဉ်မပြတ် အမြတ်ဝေစု (Dividend) များကို ပုံမှန်ခွဲဝေပေးလျှက်ရှိပါသည်။

Myanmar Payment Solution Services Co., Ltd. (MPSS)

Myanmar Payment Solution Services Co., Ltd. (MPSS) သည် ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဘဏ်များ၊ Digital Payment Company များနှင့်ချိတ်ဆက်နိုင်သည့် Payment Gateway Service တစ်ခုတည်ဆောက်ကာ Corporate များ၏ ငွေပေးချေမှုများကို ၎င်း Gateway ပေါ်မှ လွယ်ကူလျင်မြန်စွာ Transaction များ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် အခြားသော Payment Method များစွာဖြင့် ပေးချေထားသော Transaction များကိုလည်း ၎င်းတို့ပေးချေစေလိုသည့် Merchant Account သို့ Settlement လုပ်ဆောင်ပေးပါသည်။ Mobile Operator များနှင့်လည်း တိုက်ရိုက်ချိတ်ဆက်ကာ Top-up & Data Pack Platform Service အဖြစ် Corporate များ Wallet များကို Top up & Data pack recharge service များပေးခြင်း၊ SMS Gateway

Service ကို အခြေခံကာ FMCG နှင့် Corporate များအတွက် ဈေးကွက်စီးပွားရေးစနစ် ပြိုင်ဆိုင်မှုတွင် အရေးပါသည့် Promotion Campaign Management Service နှင့် SMS Broadcast များကိုလည်း ဝန်ဆောင်မှုပေး လျက်ရှိပါသည်။ ၎င်းအပြင် E-Gift Card Service Platform ဖြင့် ဘဏ်များ၊ Wallet များ၊ Market Place များတွင် Game items များနှင့် Apple ၏ Digital Services ဖြစ်သော iTunes Gift card ကဲ့သို့သော items များစွာကိုလည်း B2B ဝန်ဆောင်မှုများ ပေးလျှက်ရှိပါသည်။ ထို့အပြင် Tax Aggregator Service ဖြင့် ဘဏ်များနှင့် ချိတ်ဆက်ကာ Online ပေါ်မှ အခွန်ပေးဆောင်နိုင်ရန် နည်းပညာပိုင်းနှင့် Service ပိုင်းအား တွင်ကျယ်စွာ လုပ်ဆောင်လျှက်ရှိပါသည်။

၎င်းအပြင် MPSS သည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် IT Industry အတွက် အသိပညာရှင် အတတ်ပညာရှင်များ ရှားပါးနေမှုကို အစားထိုးပေးနိုင်ရန်ရည်ရွယ်ပြီး CareerVerse ဆိုသည့် Brand တစ်ခု ထပ်မံမွေးထုတ်ခဲ့ပါသည်။ CareerVerse သည် ပြည်တွင်းရှိ နည်းပညာသင်တန်းကျောင်းများနှင့် ပူးပေါင်း၍ Industry တွင်လိုအပ်နေသော လစ်လပ်ရာထူးနေရာများအား ဖြည့်စွက်နိုင်ရန်ရည်ရွယ်ကာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် CareerVerse မှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ဆက်တည်းမှာပင် ပြည်တွင်းရှိ အလုပ်အကိုင်ရှာဖွေရေး Agency များနှင့်လည်း ပူးပေါင်း၍ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

၂၀၂၅ - ၂၀၂၆ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် System Development နှင့် Technology လုပ်ငန်းများ

၂၀၂၅ ခုနှစ်မှ စတင်၍ MPSS သည် Fintech နှင့် သက်ဆိုင်သော Application နှင့် System Development လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် Financial Organization များအတွက် လိုအပ်သော System များအပြင် MPSS ၏ လုပ်ငန်းစဉ်များ ပိုမိုထိရောက်ကောင်းမွန်စေရန် ကုမ္ပဏီအတွင်း အသုံးပြုမည့် Internal System များကိုလည်း စနစ်တကျ အကောင်အထည်ဖော် ရေးဆွဲလျက်ရှိပါသည်။

ထို့အပြင် ကုမ္ပဏီအတွင်းအသုံးပြုနေသော System များအား လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ပိုမိုပြည့်စုံပြီး Mature ဖြစ်လာစေရန် ဆက်လက်တိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ System များ၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်နှင့် အဆင်သင့်ဖြစ်မှုအပေါ်မူတည်၍ နောင်တွင် Market အတွင်းသို့ Commercial Product အဖြစ် ထုတ်ဝေခြင်း၊ Subscription Plan များဖြင့် ဝန်ဆောင်မှုပေးခြင်းနှင့် အခြား Business Model များဖြင့် စီးပွားဖြစ် အသုံးချနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ Digital Transformation နှင့် System Development လိုအပ်ချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်များကို တိုးမြှင့်ပြင်ဆင်လျက်ရှိပြီး၊ သင့်လျော်သော System Development နှင့် Technology Solution လုပ်ငန်းများ ရရှိဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။

Myanmar National Telecom Holding Public Co., Ltd. (MNTH)

MTI အများပိုင်ကုမ္ပဏီသည် Myanmar National Telecom Holding Public Co., Ltd. (MNTH) အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာ ၁၀.၇၆ % ပိုင်ဆိုင်ပါသည်။ ယခုလက်ရှိအချိန်အထိ မြန်မာကျပ်ငွေ ၆.၂၈၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် MTI က အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီတစ်ခုလည်းဖြစ်ပါသည်။ MNTH အများပိုင် ကုမ္ပဏီသည် Mytel တွင် အစုရှယ်ယာ ၁၂ % ပိုင်ဆိုင်ပါသည်။

MNTH သည် Myanmar National Telecom Infra Co., Ltd. (MNTI) ကို တည်ထောင်ကာ တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျှက်ရှိပါသည်။ တာဝါတိုင်ပေါင်း (၃၇၀) ရှိပြီး MNTI ၏ လစဉ် Revenue သည် (၁.၃) ဘီလီယံကျပ်ခန့်ရှိကာ ကုန်ကျစရိတ်များနုတ်လိုက်ပါက ကျပ်သန်း (၇၅၀) ကျော်ရှိသည်ဟု သိရှိရပါသည်။ တာဝါတိုင် (၂၀၀) ကျော်သည် ပါဝါအပြည့်ရရှိပြီး ယခုနှစ်အတွင်း နောက်ထပ် (၄) နှစ်ကျော် တိုင် (၉၀) အတွက် Co-Location ထပ်ရခြင်းကြောင့် တစ်လလျှင် ကျပ်သိန်း (၃,၀၀၀) ကျော် အပိုထပ်ဝင်သည်ဟု သိရှိရပါသည်။ ၂၀၂၆ နှစ်ကုန်ပါက (၁.၂) ဘီလီယံကျပ်ခန့်ရရှိမည်ဟု ခန့်မှန်းထားပါသည်။ အထွေထွေစရိတ်များ နုတ်ပြီးပါက တစ်လလျှင် ကျပ်သိန်း (၇,၀၀၀) ခန့် ကျန်မည်ဟုခန့်မှန်းထားကြောင်းနှင့် ၎င်းပမာဏသည် တာဝါတိုင် Revenue ကိုသာ တွက်ထားခြင်းဖြစ်သည်ဟု သိရှိရပါသည်။

ယခုအခါ Telecom Operator များထဲတွင် Mytel သည် No. 1 သို့ရောက်ရှိသွားပြီး၊ တစ်လလျှင် (၄၀) ဘီလီယံကျပ်ကျော် အမြတ်ရှိပြီး၊ USD နှင့်တွက်မည်ဆိုပါက 1 million USD ခန့်ရှိပါသည်။ Shareholder Loan ဖြစ်သည့် (530) million USD ကို (၁၆) % ကျော်ပြန်လည်ပေးဆပ်ပြီးဖြစ်တာကြောင့် ကျန်ရှိသည့် (440) million USD ကို (၄) နှစ်နီးပါး ဆပ်ရန်ကျန်ရှိသည်ဟုလည်း ကြားသိရပါသည်။

Loyar Myanmar Co., Ltd.

Loyar Myanmar Co., Ltd. ကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး MTI အများပိုင်ကုမ္ပဏီ တစ်ခုတည်းကသာ ရင်းနှီးမြှုပ်နှံခဲ့ရာမှ Marketing ပိုင်းကို ထိထိရောက်ရောက် ထိုးဖေါက်နိုင်ရန်ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လက စတင်ကာ MTI ၏ အစုရှယ်ယာရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် MTG နှင့်ပူးပေါင်းခဲ့ပါသည်။ ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် “လိုရာ” တစ်ခုတည်းသာရှိပြီး နေ့စဉ် ဆိုက်ရောက် (Arrival) နောက်ဆုံးခရီးစဉ်အချိန်အထိ “လိုရာ” Taxi များဖြင့် ဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။ ယခုနှစ် မိုးရာသီအကုန်မှ ၂၀၂၇ ခုနှစ် သင်္ကြန်အထိ Promotion ကာလ သတ်မှတ်ကာ လုပ်ဆောင်သွားရန်လည်း စီစဉ်လျှက်ရှိကြောင်း၊ ကြားသိရပါသည်။

Products

၁။ Inventory Management System

ကုန်ပစ္စည်းများ၏ Warehouse Stock နှင့် Inventory လုပ်ငန်းစဉ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ထားသော Enterprise Inventory Management System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Setup Module နှင့် Master Data Management
- Opening Stock စီမံခန့်ခွဲခြင်း
- Stock Receive နှင့် Stock Transfer
- Stock Damage နှင့် QC Stock Management
- Delivery Order (DO) Management
- Delivery Order Complete နှင့် Delivery Cancellation
- User Permission နှင့် Role Management
- Approval Workflow စီမံခန့်ခွဲခြင်း

အသုံးပြုသူအဖွဲ့အစည်း – လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန (ရန်ကုန်)

၂။ E-voting System

အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများ၏ ရွေးကောက်ပွဲနှင့် မဲပေးခြင်းလုပ်ငန်းစဉ်များကို Digital စနစ်ဖြင့် လုံခြုံစွာ ဆောင်ရွက်နိုင်ရန် တည်ဆောက်ထားသော Computer-Based E-voting Platform ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Admin Panel နှင့် User Management
- Candidate Information Management
- Voting Record နှင့် Voting Result Management
- Election Report များ ထုတ်ယူခြင်း
- Voter ID များ အလိုအလျောက် Generate ပြုလုပ်ခြင်း
- Voter များထံ Bulk SMS ပေးပို့ခြင်း
- Voter ID List Management
- Voter Panel မှ Voter ID အသုံးပြု၍ မဲပေးခြင်း
- Candidate Information ကြည့်ရှုနိုင်ခြင်း

အသုံးပြုခဲ့သည့် အဖွဲ့အစည်းများ – MMA၊ Yangon Computer Industry Association၊ Nay Pyi Taw Computer Industry Association၊ MTI၊ MAGDPL၊ MAEX၊ MCB၊ MTSH နှင့် MCBA တို့အပါအဝင် အသင်းအဖွဲ့များတွင် အသုံးပြုခဲ့ပါသည်။

၃။ MMVote Version 2

ရွေးကောက်ပွဲ၏ အရွယ်အစားနှင့် လိုအပ်ချက်အလိုက် ပြင်ဆင်အသုံးပြုနိုင်သော Multi-Tier Election Platform ဖြစ်ပြီး Online Voting၊ In-Person Voting နှင့် Hybrid Voting ပုံစံများကို ထောက်ပံ့ပေးနိုင်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Platform Owner Management
- User နှင့် Content Management
- Election Management
- Package Management
- Election User Account Management
- Package ဝယ်ယူခြင်းနှင့် Upgrade ပြုလုပ်ခြင်း
- SMS Voting
- Candidate Information Management
- Voter Management

၄။ STT Car Service Map

မြန်မာနိုင်ငံအတွင်းရှိ ကားပြုပြင်ရေးဆိုင်များနှင့် ဝန်ဆောင်မှုများကို လွယ်ကူစွာ ရှာဖွေနိုင်ရန် တည်ဆောက်ထားသော Location-Based Mobile Application ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- အနီးအနားရှိ Car Workshop များ ရှာဖွေခြင်း
- Workshop Name ဖြင့် ရှာဖွေခြင်း
- Service Category အလိုက် ရှာဖွေခြင်း
- Location-Based Search
- Android နှင့် iOS Platform များတွင် အသုံးပြုနိုင်ခြင်း

Client – Shwe Taung Tet Myanmar

၅။ Corporate & Web Portals

အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် Corporate Identity နှင့် Business Requirements များနှင့် ကိုက်ညီသော Website နှင့် Web Portal များကို ဒီဇိုင်းရေးဆွဲ၊ တည်ဆောက်ပေးခဲ့ပါသည်။

ဆောင်ရွက်ခဲ့သည့် Website / Portal များ

- MTI Website
- Loyar Myanmar Website
- Thanlarmon Trading Website
- MCIA Website
- Hsu Myanmar Trading Website
- D United Electric (DUE) Web Portal & System
- Burma Coders Static Website

၆။ Pride of Myanmar (POM) – Web & Mobile Application

မြန်မာ့ထုတ်ကုန်များ စုစည်းပြသရောင်းချနိုင်သည့် Digital Platform

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် Local Products နှင့် SME Products များကို ပြည်တွင်းနှင့် နိုင်ငံတကာမှ Customer များ ရှာဖွေ၊ လေ့လာ၊ ဝယ်ယူနိုင်ရန် တည်ဆောက်ထားသော Web နှင့် Mobile Digital Platform ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Business Registration
- Product Registration နှင့် Management
- Product Category Management (Food Products, Consumer Products, Traditional Medicine နှင့် အခြား Local Products)
- Product Promotion နှင့် Category Advertising
- Business နှင့် Consumer ချိတ်ဆက်ပေးခြင်း
- Android နှင့် iOS Mobile Application Support

၇။ Reservation & Queue Management System

ဆေးခန်းနှင့် ဆေးရုံ Appointment & Queue Management System

ဆေးခန်းနှင့် ဆေးရုံများတွင် လူနာ Appointment နှင့် Queue လုပ်ငန်းစဉ်များကို Digital စနစ်ဖြင့် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် တည်ဆောက်ထားသော System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Appointment Booking
- Time-Based Service Management

- System Token အလိုအလျောက် ထုတ်ပေးခြင်း
- Manual Token Management
- Doctor နှင့် Specialist Schedule Management
- Department အလိုက် Doctor Schedule
- Direct Booking
- Real-Time Queue Status
- SMS နှင့် Notification System

၈။ Multi-Type Auction Website Implementation

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် Online Auction ကို Real-Time ဖြင့်ဆောင်ရွက်နိုင်ရန် တည်ဆောက်ထားသော Auction Platform ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Company Setup
- Auction Item Import
- Visitor Mode & Bidder Mode
- Real-Time Bidding
- Winning / Losing Bid အလိုအလျောက် သတ်မှတ်ခြင်း
- Invoice Generation
- Payment Integration

၉။ Octoverse Payment Gateway System & Maintenance

Myanmar Payment Solution Service (MPSS) အတွက် Payment Method မျိုးစုံကို တစ်နေရာတည်းမှ ချိတ်ဆက်အသုံးပြုနိုင်ရန် တည်ဆောက်ထားသော All-in-One Digital Payment Solution ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- ပြည်တွင်းနှင့် နိုင်ငံတကာ Payment Method များ ချိတ်ဆက်ခြင်း (MMQR, Visa / Mastercard)
- Zero-Commission Payment Integration
- Merchant Settlement Management & Settlement Report
- Secure API Integration
- Payment Transaction Management
- System Maintenance နှင့် Codebase Management

- Continuous Update နှင့် Technical Support (လက်ရှိတွင် Payment Method ၂၁ မျိုးနှင့်အထက် Support ပြုလုပ်ထားပါသည်)

၁၀။ Terminal Management System (TMS)

Terminal များနှင့် Hardware Device များကို Centralized Platform မှတစ်ဆင့် Remote Management နှင့် Monitoring ပြုလုပ်နိုင်ရန် တည်ဆောက်ထားသော Terminal Management System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Terminal Device Management
- Remote Monitoring
- Firmware Update
- Device Configuration
- Device Health Monitoring & Device Status Monitoring
- Centralized Terminal Control

Client – Pyei Sone Hein Company Limited

၁၁။ Data Purification Gateway System for Terminals

Terminal များမှ ရရှိလာသော Raw Data များကို စနစ်တကျ စစ်ဆေး၊ စစ်ထုတ်၊ ပြောင်းလဲသန့်စင်ပြီး Database နှင့် အခြား System များထံသို့ အသုံးပြုနိုင်သော Clean Data အဖြစ် ပေးပို့နိုင်ရန် တည်ဆောက်ထားသော Gateway System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Raw Data Collection
- Unnecessary Data Filtering
- Data Validation & Transformation
- Data Cleaning / Purification
- Database Integration & Downstream System Integration

Client – Pyei Sone Hein Company Limited

၁၂။ Fusion Controller Application

Factory Gate နှင့် Terminal Environment များတွင် အသုံးပြုသည့် Controller များ၊ Hardware Devices များနှင့် Software Systems များအကြား Command နှင့် Status Information များကို Real-Time ဖြင့် ချိတ်ဆက်ထိန်းချုပ်နိုင်ရန် တည်ဆောက်ထားသော Specialized Controller Application ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Controller Management
- Device Communication & Command Control
- Device Status Monitoring
- Real-Time Data Exchange
- Software နှင့် Hardware Integration

၁၃။ Fuel Dashboard Content Management System (CMS)

Fuel Station နှင့် Terminal Real-Time Monitoring Dashboard

Fuel Station၊ Storage Tank နှင့် Terminal များ၏ Fuel Stock၊ Distribution၊ Sales နှင့် Price Information များကို Real-Time ဖြင့် စောင့်ကြည့်နိုင်ရန် တည်ဆောက်ထားသော Dashboard နှင့် Content Management System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Fuel Stock Monitoring & Storage Tank Monitoring
- Distribution Monitoring
- Sales Information Display & Fuel Price Information
- Real-Time Dashboard
- CMS မှ Information များကို လွယ်ကူစွာ စီမံခန့်ခွဲနိုင်ခြင်း

၁၄။ Conference Questionnaire & Voting Management System

အစည်းအဝေးများ၊ Conference များနှင့် ညီလာခံများတွင် ပါဝင်တက်ရောက်သူများထံမှ စစ်တမ်းများ/ မေးခွန်းလွှာများ ကောက်ယူခြင်းနှင့် သဘောထားမဲခွဲဆုံးဖြတ်ခြင်း (Live Polling & Voting) လုပ်ငန်းစဉ်များကို Digital စနစ်ဖြင့် Real-Time စီမံခန့်ခွဲနိုင်ရန် တည်ဆောက်ထားသော System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Questionnaire & Survey Management (မေးခွန်းလွှာများ ရေးဆွဲပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်း)
- Real-Time Conference Voting / Polling (အစည်းအဝေးအတွင်း တိုက်ရိုက် မဲပေးဆုံးဖြတ်နိုင်ခြင်း)
- Participant / Attendee Response Management
- Automated Result Calculation (မဲရလဒ်နှင့် အဖြေများကို အလိုအလျောက် တွက်ချက်ပေးခြင်း)
- Live Result Display (ရလဒ်များကို ချက်ချင်း Screen တွင် ထုတ်ပြနိုင်ခြင်း)
- Question-Specific Analytics & Voting Reports ထုတ်ယူနိုင်ခြင်း

- Audience Feedback & Data Export (Excel / PDF Format)

၁၅။ Broadcast Media Suite

MRTV နှင့် Broadcast Media လုပ်ငန်းစဉ်များအတွက် Program Planning၊ Airshow၊ Radio Library နှင့် Radio Planning လုပ်ငန်းစဉ်များကို Digital စနစ်ဖြင့် စီမံခန့်ခွဲနိုင်ရန် တည်ဆောက်ထားသော Multimedia Management Suite ဖြစ်ပါသည်။

- **MRTV Planning:** Daily / Weekly Program Schedule, Drag-and-Drop Schedule Planning, Program Duration အလိုအလျောက် တွက်ချက်ခြင်း, Approval Request, Notification Management
- **Airshow:** Approved Program Plan ပေးပို့ခြင်း, Program Edit / Re-Planning, Broadcast System Integration
- **Radio Library:** Audio File Bulk / Single Upload, Category / Subcategory Management, Genre Management, Playlist Management, Audio Metadata Management, Excel / ZIP Export
- **Radio Planning:** Radio Program Schedule, Approval Workflow, Announcer Assignment, Program Planning Management

၁၆။ Member Directory System – MCBA

Myanmar Customs Brokers Association (MCBA) အတွက် အသင်းဝင်များ၏ Registration၊ Approval နှင့် Association Information များကို Digital စနစ်ဖြင့် စီမံခန့်ခွဲနိုင်ရန် တည်ဆောက်ထားသော Member Management System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Member Self-Registration & Membership Application
- Admin Review & Approval
- Member Directory
- Event Management & News Management
- Advertisement Management & Digital Library
- SMS Expiry Notification

၁၇။ Mahasi App – Android & iOS + Payment Integration

မဟာစည်ဆရာတော်ကြီး၏ တရားတော်များနှင့် စာပေများကို Digital Format ဖြင့် လေ့လာဖတ်ရှုနိုင်ရန် တည်ဆောက်ထားသော Android နှင့် iOS Mobile Application ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- တရားတော်နှင့် စာအုပ်များ Download ပြုလုပ်ခြင်း

- Payment Gateway Integration (Donation / Purchase Management)
- Donor Name ကို စာမျက်နှာများတွင် အလိုအလျောက် ထည့်သွင်းခြင်း
- YouTube Live Dhamma Event Integration
- Daily News နှင့် Information Management

၁၈။ Warehouse Temperature & Humidity Monitoring Dashboard

Wialon Client အခြေပြု Warehouse Environmental Monitoring System

Warehouse များအတွင်းရှိ Temperature နှင့် Humidity အခြေအနေများကို IoT Device များမှတစ်ဆင့် Real-Time စောင့်ကြည့်နိုင်ရန် တည်ဆောက်ထားသော Monitoring Dashboard ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Wialon IoT Device Integration
- Real-Time Temperature & Humidity Monitoring
- Zone-Based Monitoring
- Line Chart / Bar Chart Visualization
- Temperature / Humidity Limit ကျော်လွန်ပါက Alert Notification ပေးပို့ခြင်း
- Excel Report ထုတ်ယူခြင်း

၁၉။ GAP & Organic Certificate Application System – MFVP

Myanmar Fruit, Flower and Vegetable Producers and Exporters Association (MFVP) နှင့် ပူးပေါင်း၍ GAP နှင့် Organic Certificate လျှောက်ထားခြင်းလုပ်ငန်းစဉ်များကို Online မှတစ်ဆင့် စနစ်တကျ ဆောင်ရွက်နိုင်ရန် တည်ဆောက်ထားသော Application Management System ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Certificate Application ကို Digital ပြောင်းလဲခြင်း
- Online Application Management
- Applicant Information Management
- Certificate Application Process စနစ်တကျ စီမံခန့်ခွဲခြင်း

၂၀။ Non-Profit & Emergency Projects

အရေးပေါ်အခြေအနေများနှင့် လူမှုအကျိုးပြုလုပ်ငန်းစဉ်များအတွက် Digital Technology ကို အသုံးချ၍ ဆောင်ရွက်ခဲ့သော Project များဖြစ်ပါသည်။

- **Loyar Kuu:** COVID-19 ဒုတိယလှိုင်းကာလအတွင်း Ministry of Health and Sports (MOHS) နှင့် ပူးပေါင်း၍ အရေးပေါ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်ခဲ့သော Digital Support Project ဖြစ်ပါသည်။
- **Geofencing Monitoring System:** Quarantine Site များအတွင်းရှိ သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ နေထိုင်မှုအခြေအနေများကို Monitoring နှင့် Control ပြုလုပ်နိုင်ရန် Geofencing Technology ကို အသုံးပြု၍ တည်ဆောက်ထားသော System ဖြစ်ပါသည်။

၂၁။ All-in-One Event Management & Engagement Platform

Event များနှင့် အခမ်းအနားများအတွက် Online Registration၊ QR Code Ticketing၊ Real-Time Attendance စစ်ဆေးခြင်းလုပ်ငန်းစဉ်များနှင့်အတူ ပွဲအတွင်း ပရိသတ်များ အပြန်အလှန် ပါဝင်နိုင်မည့် Live Interactive Quiz နှင့် Digital Lucky Draw စနစ်များအားလုံးကို တစ်နေရာတည်းတွင် ပေါင်းစပ်စီမံနိုင်သော Event Technology Suite ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- **Registration & Ticketing:** Online Event Registration စနစ်နှင့် QR Code လက်မှတ်များ အလိုအလျောက် ထုတ်ပေးခြင်း
- **On-Site Attendance Management:** Event နေ့တွင် QR Code စကင်ဖတ်၍ Real-Time ဧည့်သည်စာရင်းနှင့် တက်ရောက်မှုစစ်ဆေးခြင်း
- **Interactive Live Quiz:** Audience များ ဖုန်းဖြင့် တပြေးညီ ပါဝင်ဖြေဆိုနိုင်ခြင်း၊ အမှတ်များ အလိုအလျောက် တွက်ချက်ပေးခြင်းနှင့် Real-Time Leaderboard ပြသပေးခြင်း
- **Digital Lucky Draw:** ၆ လုံးပါ Code များ သို့မဟုတ် တက်ရောက်သူစာရင်း (Attendance List) မှတစ်ဆင့် Real-Time မဲဖောက်ပေးခြင်းနှင့် Winner Display ထုတ်ပြခြင်း
- **Costume Design & Award Voting:** ပွဲအတွင်း အကောင်းဆုံး ဝတ်စုံဆုနှင့် အခြား Award များအတွက် Live Voting ပြုလုပ်နိုင်ခြင်း
- **On-Site Technical Operations:** Event အတွင်း Setup၊ Operation နှင့် Technical Services များ အပြည့်အဝ ပံ့ပိုးပေးခြင်း

ယခင်ဆောင်ရွက်ခဲ့သည့် Clients များ – Wave Money၊ PTTEP၊ Momentum Plus Event Planner၊ Myanmar Heineken၊ SSHE

၂၂။ Association Management Platform (AMP)

အသင်းအဖွဲ့များ၏ အသင်းဝင်စီမံခန့်ခွဲမှု၊ အသင်းဝင်ကြေးကောက်ခံမှုနှင့် နေ့စဉ်လုပ်ငန်းစဉ်များကို Digital စနစ်ဖြင့် စီမံနိုင်သော All-in-One Platform ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များ

- Member Self-Registration နှင့် Approval Workflow
- Member Directory နှင့် Profile Management

- Membership Fee စီမံခန့်ခွဲခြင်းနှင့် Payment Gateway Integration
- Event Registration နှင့် QR Attendance စနစ်
- Bulk SMS / Email Notification ပေးပို့ခြင်း
- Digital Membership Card နှင့် Certificate ထုတ်ပေးခြင်း
- Role-Based Access နှင့် Admin Dashboard / Reports

၂၃။ Odoo ERP Customization & Implementation Services

လုပ်ငန်းများ၏ လိုအပ်ချက်နှင့် လုပ်ငန်းသဘာဝအလိုက် Odoo ERP ကို စိတ်ကြိုက် Customization ပြုလုပ်ပေးပြီး ဈေးနှုန်းချိုသာစွာဖြင့် အကောင်အထည်ဖော် တပ်ဆင်ပေးသော Service ဖြစ်ပါသည်။

အဓိကလုပ်ဆောင်ချက်များနှင့် ဝန်ဆောင်မှုများ

- Sales, CRM, Purchase & Inventory စီမံခန့်ခွဲမှု
- Accounting & Invoicing (မြန်မာ့အခွန်/ဘဏ္ဍာရေး စံနှုန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း)
- HR & Payroll Management စနစ်
- Point of Sale (POS) နှင့် Manufacturing (MRP) Module များ
- Business Workflow အလိုက် Custom Module ရေးဆွဲပေးခြင်း
- Third-Party System & Payment Gateway Integration
- Data Migration, Training နှင့် Ongoing Technical Support များအား သင့်တင့်ချိုသာသော ဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်း

ဆက်လက်တိုးချဲ့မည့် လုပ်ငန်းနယ်ပယ်များ

အထက်ဖော်ပြပါ Products၊ Systems နှင့် Projects များအပြင် Government Projects၊ ပြည်တွင်း Client Projects၊ နိုင်ငံတကာ Client Projects များကိုလည်း ဆက်လက်ချိတ်ဆက်၍ တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော Software Outsourcing Projects၊ Digital Transformation Solutions၊ System Integration၊ Enterprise Software Development နှင့် Technology Services များကိုလည်း ဆက်လက်ဖော်ဆောင်ရန် ရည်ရွယ်ထားပါသည်။

ရည်မှန်းချက်မှာ Customer များ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ကိုက်ညီသော ယုံကြည်စိတ်ချရသည့်၊ လုံခြုံမှုရှိသည့်၊ တိုးချဲ့အသုံးပြုနိုင်သည့် Digital Solutions များကို Technology Partner တစ်ဦးအနေဖြင့် ရေရှည်ပံ့ပိုးပေးနိုင်ရန် ဖြစ်ပါသည်။